# သံဃါယနာ

# သမိုင်းစုံ





အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်ဘုရား။
( တော်သစ္စာ စာပုံနှိပ်တိုက်မှ မေတ္တာလက်ဆောင်။ )

ဆောင်းစာ ဆရာကြီး ဦးသိမ်းမောင် ရေးသော

★ ★

ရှေ ရေ သ ကြီ
အ ထွ
ပ ထိ

★



★ ★

ထူး
စ ထွ
ကြီး၊

## ခေါင်းစဉ် မာတိကာ


၁။ နိဒါန်း
၂။ မဟာနိဒါန်း
၃။ အင်တွဲလွန်နှင့်ချွန်း
၄။ စစ်ကဲ့ရင်ခုံက လင်္ကာ
၅။ ဖတ်နန်းနန်း ထိနန်းနန်း
၆။ စာပျော်ဘုရင် နက်ရှာဝင်
၇။ နန်းလျှာ မင်းသား
၈။ ငါးမျှားတန် တချောင်းနှင့်
၉။ ရွှေခံတော် ဘုရားဦး
၁၀။ ပုမ္ပါးနတ်တောင် ပွဲတော်
၁၁။ မြတ်လေးရှုံရှင် ကညာစင်
၁၂။ ကိုရိုးခံ ရွေးချေးပုံ
၁၃။ သစ်သီး သုံးခိုင်
၁၄။ အရေးပေါ် ညီထောခံ
၁၅။ မင်္ဂလာ သတင်းစကား
၁၆။ ကြောင်တကောင်နှင့် ကြွက်တမြို့
၁၇။ မှောင်ထဲက ပရိသတ်
၁၈။ ရွှေနန်းတော် တွင်းဝယ်
၁၉။ ပဒိုပကျွမှ တခု
၂၀။ ဘုရားနှင့် ငြမ်း
၂၁။ ပတ္တမြား မှန်လျှင်
၂၂။ ရတ္တမ အုပ်ချုပ်ရေး
၂၃။ ကြုံဘူးရတော့တယ်
၂၄။ မဿဂီရိသို့ တဖန်
၂၅။ သစ္စာတော် ပေးပြီးနောက်
၂၆။ ဘဝသစ်သို့
၂၇။ ဆိစိမ်မင်းသား


မှာကြားပါ တအုပ် ၄-ကျပ် ဘက်ကြည့်ပါ

စောသစ္စာ စာပုံနှိပ်တိုက် အမှတ် ၁၆၂ - ၃၃-လမ်း ရန်ကုန်မြို့။


စိန်အောင်ဇာ ပေဖြန့်ချိရေး

ထော်သစ္စာ စာပုံနှိပ်တိုက်

အမှတ် ၁၆၂ ၃၃–လမ်း


ရန်ကုန်မြို့။

# မဟာပရိနိဗ္ဗာန စေတီတော်



ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူရာဌာနတွင်
ရှေးကတည်ထားခဲ့သော ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီးပုံ ရှိရာဂူနှင့်–ထိုဂူအနီးတွင်
တည်ထားသည့် မဟာပရိနိဗ္ဗာန စေတီတော်ကြီး ပုံ။


ဝေဂဝတိုင်း (ဗိဟာခနယ်) ကုသိနာရုံ မြို့တော်ကြီး




ခရစ်မပေါ်မီ ၊ အနှစ်၂၅၀၀ ခန့် ( ဗုဒ္ဓရှင်တော်ဘုရား လက်ထက်ဆီက )
တည်နေမည့် ကုသိနာရုံ မြို့တော်ကြီး၏ မှန်းဆ ရေးဆွဲထားသည်။

# ပဌမ သံဂါယနာတင်ရာ - ရာဇဂြိုဟ် မြို့တော်ကြီး

(1) မိုးရထားဘူတာ၊ (2) အာလောကစေတီ (3) မြန်မာ ဘုရား ကျောင်း (4) ဝေဠုဝန်ကျောင်းတော်ကြီးနှင့် ကလန္ဒကနိဝါပ (၅) ဂျပန်ဘုရားကျောင်း (6) မဂဓန်-ကွန်းဒ (7) သူရိယကွန်းဒ (8) တပေါဒါရုံ ကျောင်းတော် (9) သတ္တပဏ္ဏိစေတီ (10) ပထမ သံဂါယနာတင်ရာ သတ္တပဏ္ဏိ လိုဏ်ဂူတော်များ (11) ဂျယစန္ဒ၏ -ဘိသက် (12) သခြစမ်းရေများ (13) မြောက် ဘက် တံခါး (14)ဆွန်ဘဏ္ဍာရ (15) မဏိယာဘရ်မသ (16) အကျဉ်းထောင် (17) မြို့ဟော င်း တံခါး-တံတိုင်း-နံရံ (18) ဇီဝက၏ ဥယျာဉ် (19) ဂိဇ္ဈကုဋ်တောင်(20) မဒ္ဒကုစ္ဆိ။







ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်ရာရှိ ပညောင်ပင်ကြီး



ရာဇဂြိုဟ်မြို့ရှိ တောင်ကြီးများ

## စတုတ္ထ သံဂါယနာတင်ရာ သီဟိုဠ်ကျွန်းပုံ





ပဉ္စမ သံဂါယနာတင်ရာ မန္တလေးမြို့ မဟာလောကမာရဇိန် စေတီတော်နှင့် ကျောက်ချပ်များ ။



ဆဋ္ဌသံဂါယနာတင်ရာ–ဆဋ္ဌသံဂီတိမဟာပါသာဏဂုဟာခေါ် ကျောက်လိုဏ်ဂူတော်ကြီး




လိုဏ်ဂူတော်ကြီးကို
ဆဋ္ဌသံဂါယနာတင်မိ သိင်္ဂါ မျက်ဘောင် မှူးနှုကြပုံ

## အာဂန္တု ကျောင်း ဆောင် ကြီး များ




ဆဋ္ဌသံဂါယနာတင်ရာတွင်-သံဂီတိကာရက-အရှင်မြတ်များ-သီတင်းသုံးရန်
အာဂန္တုကျောင်းဆောင်ကြီးများပုံ


ပုဗ္ဗဝိဒေဟ ကျောင်းဆောင်တွင် သီတင်းသုံးတော်မူကြသည့် သံဂီတိကာရကများ




အပရဂေါယာန ကျောင်းဆောင်တွင် သီတင်းသုံးတော်မူကြသည့် သံဂီတိကာရကများ



ဥတ္တရကုရု ကျောင်းဆောင်တွင် သီတင်းသုံးကြသည့် သံဂီတိကာရကများ



ဇမ္ဗုဒီပ ကျောင်းဆောင်တွင် သီတင်းသုံးတော်မူကြသည့် သံဂီတိကာရကများ



# နိဒါန်း

## သံဂါယနာ အဓိပ္ပါယ်

၄၅-နှစ်အတွင်း သက်တော်ထင်ရှားဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော တရားစကားတော်များကို (ပဌမ) မှန်ကန်အောင် စစ်ဆေးပြီးသကာလ (ဒုတိယ) အားလုံးသဘောတူ အတည်ပြု စုပေါင်းရွတ်ဆိုခြင်းကိုပင် သံဂါယနာ (သို့မဟုတ်) သံဂီတိဟူ၍ခေါ်ဆိုခြင်းဖြစ်လေသည်၊(သံ=စုပေါင်း ဂါယန=ရွတ်။ ဂီတိ=ရွတ် )

## နှုတ်ဆောင်ခေတ်

ပဌမ ဒုတိယ တတိယ သံဂါယနာတင်ချိန်များတွင် စာပေရေးသားနည်း ရှိနေပြီဖြစ်သော်လည်း အရေး အသား နည်းပါးသောခေတ်အခါမျိုးဖြစ်သောကြောင့်ဘုရားစကားတော်များကို ရွှေ,ကျောက်,ကြေး,သံ,ငွေ,ပေ, ကျူ စသည်တို့၌ အတည်ပြုရေးတင်ကြမည့်အစား နှုတ်ဖြင့်အတည်ပြု၍ ရပေါင်းရွတ်ဆိုကာ (နှုတ်တိုက်သာ) ဆောင်ရွက်တော်မူလေ့ ရှိခဲ့ကြပေသည်။

ဤသံဂါယနာ-၃-ကြိမ်တင်ခဲ့သော ခေတ်များအတွင်းနှင့် တင်ပြီးကာလများ အတွင်း၌ ကျောက်ပေါ်, ကြေးပြားပေါ်, သံပြားပေါ်, ရွှေပြားပေါ်,ငွေပြားပေါ်,ပေပေါ် စသည်တို့၌ အက္ခရာရေးသား၍ မှတ်တမ်းတင်သော စနစ်များလည်း တစ,တစ တိုးတက်များပြား၍ လာခဲ့လေသည်၊

ထို့ကြောင့် မြောက်ပိုင်း အသောကဟုကျော်စောသော ကနိဋ္ဌက ဘုရင်၏ လက်ထက်၌ သံဂါယနာတင်ကြရာတွင် ကြေးပြားချားပေါ်၌ အတည်ပြု ရေးတင်ကြသည်ကိုငင်း, ထို့နောက် သီဟိုဠ်ကျွန်း - ဝဋ္ဋဂါမဏိမင်းလက်ထက် သံဂါယနာတင်ကြရာတွင် ပေရွက်များပေါ်၌ အတည်ပြု ရေးတင်ကြသည်ကိုငင်း၊ မြန်မာနိုင်ငံ မင်းတုန်းမင်းတြားကြီးလက်ထက်၌ သံဂါယနာ တင်ကြရာတွင် ကျောက်ပြားများပေါ်၌ အတည်ပြု-ရေးတင်ကြသည်ကိုငင်း တွေ့ရလေသည်။

ယခုအခါ ရန်ကုန်မြို့ရှိ ရေကျူးရပ် သိဒ္ဓိမင်္ဂလာ ကမ္ဘာ့ အေး စေတီ တော် ကုန်း မြေ ရှိ ဆဋ္ဌသံဂီတိ မဟာပါသာဏဂုဟာ အတွင်း ၁၃၁၆-ခု ကဆုန်လပြည့်နေ့ (၁၉၅၄-ခု မေလပြည့်နေ့) တွင်-စတင်ဖွင့်လှစ်ကာကျင်းပအပ်သော ဆဋ္ဌသံဂါယနာတင် ကိစ္စကြီးကို အကြောင်းပြု၍-သံဂါယနာနှင့်ပတ်သက်သည့်စာအုပ်စာတမ်းချားကို ရေးသားထုတ်ဝေ ကြလေသည်၊

ကျွန်ုပ်တို့သည် ဆဋ္ဌသံဂါယနာ ဒါယကာတော် အ ဖြစ် ကြီးမှူးဆောင်ရွက်နေသည့်နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ သာသနာရောင်ခြည် စာစောင်၌ငင်း၊ သံဂါယနာ (အပါတ်စဉ်) စာဆောင်၌ငင်း၊ အယ်ဒီတာချုပ်အဖြစ် အမှုထမ်းရင်းသံဂါယနာနှင့်ပတ်သက်သည့် သဘောများကိုငင်း, သမိုင်းများကိုငင်း အတန်တန်ရေးသားခဲ့ဘူးပေပြီ၊

သို့သော်-သံဂါယနာနှင့်ပတ်သက်၍ အပြင်အပ၌ ထုတ်ဝေသည့် စာအုပ်,စာတမ်းအချို့တွင် လွဲနေသည့် အယူများ, လိုနေသည့် ဖြည့်စရာများကို တွေ့မြင်ရသောကြောင့် အထက်တန်း သုတေသန သဘောများ ပါဝင်သည့် 'ဤ,သံဂါယနာတင်-သမိုင်းပုံ' စာအုပ်ငယ်ကို (၁)ပုံ (၂)ကျဉ်း (၃)မှန် (၄) ရှင်း ဟူသော အင်္ဂါလေးရပ်နှင့် ညီအောင် ရေးသားလိုက်ရပေသတည်း။

မဘယ

### (၁) ပထမ

ခုနှစ် - ၁၉၀ (၅၄၄၊ ဘီ-စီ)
ဌာန - ရာဇဂြိုဟ်ပြည်၊
ဦးစီး - သျှင်မဟာကဿပ၊
မင်း - အဇာတသတ်၊
သံဃာဦးရေ - ၅၀၀

### (၂) ဒုတိယ

ခုနှစ် - ၁၀၀၊ (၄၄၄၊ ဘီစီ)
ဌာန - ဝေသာလီပြည်၊
ဦးစီး - သျှင်မဟာယသ၊
မင်း - ကာလာသောက၊
သံဃာဦးရေ - ၇၀၀ (အရ'တသန်း နှစ်သိန်း)

### (၂) စင်ပြိုင်ဒုတိယ

ခုနှစ် - ၁၀၀၊ (၄၄၄၊ ဘီစီ)
ဌာန - ကောသမ္ဗီပြည်၊
ဦးစီး ..........
မင်း ..........
သံဃာဦးရေ ၁၀၀၀၀ ခန့်

### (၃) တတိယ

ခုနှစ် - ၂၃၅ (၃၀၉၊ ဘီစီ)
ဌာန - ပါဋလိပုတ်ပြည်၊
ဦးစီး - သျှင်မောဂ္ဂလိပုတ္တတိဿ၊
မင်း - အသောက။
သံဃာဦးရေ - ၁၀၀၀

### (၃) စင်ပြိုင် တတိယ

ခုနှစ် - ၂၃၅၊ (၃၀၉ ဘီစီ)
ဌာန - ရာဇဂြိုဟ်ပြည်၊
ဦးစီး - သဗ္ဗတ္ထိဝါဒီဂိုဏ်း၊
မင်း ..........

### (၄ ခ) စတုတ္ထ

ခုနှစ် - ၄၅၀၊ (၉၄ ဘီစီ)
ဌာန - သီဟိုဠ်ကျွန်း၊
ဦးစီး - သျှင်မဟာဓမ္မရက္ခိတ၊
မင်း - ဝဋ္ဋဂါမဏိ၊ (လက်ထက်)
သံဃာ ဦးရေ - ၅၀၀

### (၄ က) စတုတ္ထဂိုဏ်းစုံ ညီညွတ်ရေး

ခုနှစ် - ၆၅၀ နှင့် ၇၀၀ -
၇၀၁ (တနည်း) ၁၂၀ အေဒီ
ဌာန - ပက်သျှဝါပြည် (တနည်း) ကသ္မီရ
တိုင်း - ဇလန္ဓာမြို့
ဦးစီး - သျှင်ဝသုမိတြ နှင့် သျှင်အဿဃောသ
မင်း - ကနိဋ္ဌက၊

### (၅) ပဉ္စမ

ခုနှစ် - ၂၄၁၂ မှ ၂၄၁၅ အထိ၊
ဌာန - မြန်မာနိုင်ငံ၊ မန္တလေးမြို့
ဦးစီး - ဆရာတော်ကြီး၊ ၃ ပါး
မင်း - မင်းတုန်းမင်းတရားကြီး၊
သံဃာ ဦးရေ - ၂၄၀၀

# သံဂါယနာတင် သမိုင်း

## (၁) ပထမ သံဂါယနာ

### ပထမ သံဂါယနာတင် အကျဉ်း

မင်းချင်းလေ။ ကုသိနာရုံ၊ ပန်းရုဂ်ဝယ်၊ အုံ့ပြီသလင်၊ ပြည့်ဝန်းရက်ငှါ၊ ဘုံစံမပြန်၊ သုံးနိဗ္ဗာန်တွင်၊ နှစ်တန်ကူးမြောက်၊ ထွန်းတောက်ကိုယ်ဝါ၊ မင်းစာဒ္ဒါနှင့်၊ မြဟ္မာအသွင်၊ လူကရှင်သို့၊ ရှုတင်တောရသည်၊ သူ့ထက်မြတ်သား၊ ထေရ်ကဿပ၊ သာစကတို့၊ ခ,ခ,ပဉ္စာ၊ ရဟန္တာနှင့်၊ ပြည်ရာဇဂြိုဟ်၊ နဂိုရ်ရှိုးခြင်း၊ သံဝေပြင်းသား၊ မင်းဇာတသတ်၊ သမုန်တကို၊ ထေရ်မြတ်တစု၊ အမှီပြု၍၊ ငါးခုသာတောင်၊ ပြည့်ရန်အောင်ဝယ်၊ မြဲရောင်းဆိုင်းဆိုင်း ညို့ညို့မှိုင်းသား၊ ခက်ကျိုင်းညွန့်ရှင်၊ စရည်းပင်နှင့်၊ ခေါ်တွင်ဝေဘာ၊ ဝေဘာရဟု၊ သာလှရိပ်ချမ်း၊ လိုဏ်သာဂှမ်းဝယ်၊ ကျမ်းပုဒ်ပဒ၊ ညှိနှိုင်းဆ၍၊ ပထမသံဂါယနာ။ တင်သောခါဝယ်။ ကြယ်မာဃကြီး။ လနှင့်နီးမှ။ ပြီးစီးအောင်မြင်။ ယင်းသဘင်ဝယ်။ အရှင်အာနန်။ ရှစ်ဆုပန်လျက်။ အရဟန်စစ်။ တိုင်မြောက်ဖြစ်သည်။ ။ရှစ်ဆယ်ယွယ်သက်တွင်တည့်လေး။ သူကောင်းဖေါ်ရွှေ မင်းချင်းတို့။ ။ (စာဆိုတော်-ဦးယာ-ဆို)

#### (က) တင်ရသောအကြောင်းရင်း

ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ခုနှစ်ရက်မျှအကြာ၌ ရဟန်းသံဃာအပေါင်းတို့သည် များစွာငိုကြွေးကြကုန်၏၊ ထိုအခါအာတုမမြို့သားဆတ္တာသည်မျိုး သုဘဒ္ဒခေါ် တောထွက် ရဟန်းကြီးတပါးက ရှေးက ရန်ငြိုးကြီးစွာထားခဲ့သည့်အတိုင်း၊ ငါ့ရှင်တို့ မငိုကြွေးကြနှင့်၊ ဂေါတမရှိစဉ်က မည်သို့မကျင့်ရ မည်သို့ကျင့်ရမည် စသဖြင့် များစွာပညတ်၏၊ ယခုသော်ငါတို့ ကျင့်လိုရာကျင့်ကြံနေထိုင်နိုင်ကြပြီ အဘယ် စိုးရိမ်ဘွယ်ရှိသေးသနည်း ဟုမရိုမသေပြော ဆိုလေ၏၊ ထိုရဟန်းကြီး၏စကားကို အရှင် မဟာကဿပ ကြားတော် မူသောကြောင့် “ဤဂိုလီမျိုးတို့ကြောင့် သာသနာတော်ကွယ် ပတ်ရာအကြောင်းရှိချေသည်တကား၊ ရှင်တော် ဘုရား ပရိနိဗ္ဗာန်လားသော်လည်းဟောကြား တော်မူသောတရားတော်များကား ထင်ရှား ရှိပေသေးသည်၊ မသုတော် တရားမတွန်း ကားမီ သာသနာတော်မြတ် မြဲမြဲစွာတည် နိုင်အောင် သံဂါယနာတင်မည်” ဟူသော ရည်ရွယ်ချက်ဖြင့် ပထမ သံဂါယနာတင် တော်မူကြကုန်၏။

#### (ခ) ဦးစီးပုဂ္ဂိုလ်

ထိုတင်ပွဲ၌ ဦးစီးခေါင်းဆောင် တို့ကား ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တော်တိုင်ဝတ်ရုံ တော်မူသော ဒုကုဋ်တော်ကို သင်္ကန်းတော် မြတ်ခံတော်မူခဲ့ရသည့်ဖြင့် ဓုတင် ၁၃-ပါး တို့ကို ကျင့်ဆောင်တော်မူရာ၌ ဓုတင်္ဂ

ဖြစ်တော်မူသော (တတိယတန်းသာဝက) အသျှင်မဟာကဿပ မထေရ်မြတ်ကြီးနှင့်တကွ၊ အသျှင်ဥပါလိ အသျှင်အာနန္ဒာ၊ အသျှင်အနုရုဒ္ဓါ-စသော ဆဠဘိညာ၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီးတို့ပေတည်း။

(ဂ) **သံဃာတော်ဦးရေ**

ပုထုဇဉ်ဟူ၍မပါ၊ ရဟန္တာကြီးပေါင်း ၅၀၀-မျှပါဝင်တော်မူကုန်၏။

(ဃ) **တင်ရာဌာန**

မဂဓတိုင်း ရာဇဂြိုဟ်ပြည် - ဝေဘာရပင်ရောက်ရာ လိုဏ်ဂူ [ သတ္တပဏ္ဏိဂူ ] ဝ-၌ ဆောက်လုပ်အပ်သော မဏ္ဍပ်တော်ဖြစ်၏၊

(င) **အမှီပြုသောမင်း**

ဗုဒ္ဓရှင်တော်ဘုရား၏ ဒါယကာတော်ဖြစ်သော ဗိမ္ဗိသာရမင်းကြီး၏ သားတော် အဇာတသတ်မင်းပေတည်း။ အရှင်ဘုရားတို့ခမ္မစက်လည်းဖြစ်ပါစေ - တပည့်တော်၏ အာဏာစက်သည်း ဖြစ်ပေစေဒွံ - ခဲရဲ ဝံ့စံ သံဂါယနာ တင်တော်မူကြပါ ဟု အားပေးလျှောက်ထားလျက် အစွမ်းကုန် ထောက်ပံ့ ပြုစုတော်မူလေ၏။

(စ) **တင်သော ကာလအကြာ**

နဝ-စန္ဒေကိန်း-သက္ကရာဇ်ရှည်-၁၄၈-ခု ဖြစ်၏၊ ၎င်းကို မဟာသက္ကရာဇ် ဟုလည်းခေါ်သည်၊ သာသနာတော် သက္ကရာဇ် တနှစ်အဝင် အဇာတသတ်မင်း နန်းစံရှစ်နှစ်မြောက် (ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော် မူပြီးနောက် သုံးလမြောက် ဝါခေါင်လပြည့်ကျော်ငါးရက်နေ့ကစ၍ ၇-လ တိုင်တိုင်ကြာလေ၏

(ဆ) **တင်ပုံတင်နည်း**

၄၅-ဝါအတွင်း ဟောကြားတော်မူသမျှ တရားစကားတော်တို့ကို နှုတ်ဖြင့်အတည်ပြုကာ ရပေါင်းရွတ်ဆိုတော်မူကြကုန်၏၊

# (၁) **စင်ကြိုင်ပထမသံဂါယနာ**

တောင်ပိုင်း ဟိနယာနသုံး ဒီပဝင်မဟာဝင်,ပါရာဇိကဏ် အဋ္ဌကထာ ( နိဒါန်း ) ..... စသည်တို့၌ ထိုပထမ သံဂါယနာတင်ပွဲနှင့် အပြိုင် သံဂါယနာတင်မှုရှိသည်ဟု အရိပ်အမြွက်မျှ မဖော်ပြကြကုန်၊

ထိုသော် သာသနာ-၁၁၇၃-မှ ၁၁၀၇ (ခရာဇ်-၆၃၀-မှ-၆၄၃)နှစ်အတွင်း ဣန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူပြီးလျှင်-၁၅-နှစ်တိုင်တိုင်သီတင်းသုံးလှည့်လည်တော်မူသော တရုပ်ရဟန်းတော် ဟိသန်ဆိုင်အရှင်မြတ်၏ မှတ်တမ်း၌ကား ပထမ သံဂါယနာတင်ပွဲ၌သည်း စင်ပြိုင်သံဂါယနာရှိခဲ့ပုံကို အကျယ်တဝင့် ဖော်ပြတော်၏မှု။

## **မှတ်တမ်း အဆို**

သျှင်မဟာကဿပ အရှင်မြတ်သည် သံဂါယနာတင်ရန် သံဃာတော်တို့ကို ရွေးချယ်ထုတ်နှုတ်ရာ ၉၉၉ - ပါးသာရသည်၊ (သျှင်အာနန္ဒာရဟန္တာဖြစ်တော်မူပြီးနောက် ၁၀၀၀-ဖြစ်သည်၊)

ဤ ၁၀၀၀-မျှသော တေဝိဇ္ဇ-ဆဠဘိညာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာတို့နှင့် ပထမ သံဂါယနာတင်တော်မူရာတွင် မပါဝင်ရသောကြောင့် မကြေနပ်ကြသေသော သံဃာတော်ထောင်ပေါင်းများစွာတို့သည် သပ်သပ် သံဂါယနာတင်တော်မူကြကုန်၏။

ထိုသို့ခွဲ၍ တင်ရာဌာနသည်ကား အသျှင် မဟာကဿပတို့တင်ရာ သတ္တပဏ္ဏိဂူမှ အနောက်ဘက် -၇- မိုင်ခန့် အကွာ၌ ဖြစ်လေသည်၊ အသောကမင်း လက်ထက်သို့ ဆိုက်ရောက်၍သာသော အခါ ထိုနေရာ၌ အထိမ်းအမှတ် စေတီတော်တဆူ တည်ထားခဲ့လေသည်။

ဤသို့ ပထမ သံဂါယနာကို စင်ပြိုင် ခွဲ၍တင်ရာ၌ (၁)သုတ္တန္တပိဋက(၂)ဝိနယပိဋက(၃)အဘိဓမ္မာပိဋက(၄)ပကိဏ္ဏကပိဋက (၅)ဓာရဏီပိဋက ဟူ၍ ဘုရား စကားတော်တို့ကို ငါးစုခွဲ၍ တင်ကြကုန်၏။

အသျှင်မဟာကဿပ ...... စသည့်တို့သည် ထိုသို့ သံဂါယနာတင်ပြီးနောက် ပိဋကတ်တော်များကို ပေထက်တင်၍ ဖြန့်ဝေတော်မူကြကုန်၏။

သို့သော်-အထက်ပါ ဟိယာန်ဆိုင်အသျှင် ဖြတ်ထတ် အနှစ်-၂၀၀-ခန့် စော၍ ဆိုက်ရောက်တော်မူသော တရုပ်ရဟန်းတော် ဖါဟိယာန်၏ မှတ်တမ်း၌ကား အဆိုပါအချက်များကို ဖော်ပြတော်မမူခဲ့ချေ၊ ထိုကြောင့် ထိုအရှင်၏ မှတ်တမ်းအတိုင်း ဗုဒ္ဓဘာသာ သုတေသနပညာရှင် အပေါင်းတို့က—တထစ်ချ မယူဆဝံ့ကြသဖြင့် — အသိအမှတ်မပြုကြချေ။

# (၂) ဒုတိယ သံဂါယနာ

## ဒုတိယ သံဂါယနာတင် အလင်္ကာချင်း

မင်းချင်းလေး ။တိုင်းမဇ္ဈိမ၊ ရာဇဂြိုဟ်ဝယ်။ ထိုဇာတသတ်၊ နွယ်မပြတ်သား၊ သည်းပွတ်မြေးမြစ်၊ မင်းအဖြစ်ကို၊ ညစ်စစ်သတ်လု၊ ငါးဆက်ပြုမှ၊ သုသုနာဂါ၊ သာသနာကို၊ ဝေသာလီမည်၊ ချက်မြို့ပြည်သို့၊ ယွန်းစည်ကျူးရင့်၊ ချီလေပင့်သော်၊ နှစ်မြင့်ငြိမ်ဆိမ်၊ နန်းရွှေအိမ်ထက်၊ စည်းစိမ်စံပြီ၊ နတ်ဘုမ္မိုးသော် သားကြီးရတနာ၊ ကာလာသောက၊ ရိပ်မြွှသရှင့်၊ ဘုရားသာသနာ၊ နှစ်တရာသည်၊ ကြိုက်လာပြန်လျင်၊ ထိုဘုရင်ကိုး အရှင်ယသ တူကွမကျွ၊ ခုနစ်ရာတည့်၊ ရဟန္တာဇ၊ အမှီ(တိုင်ပင်)ပြုရှိ၊ ဝါဠုကာရုံ၊ ကမ္ပည်းခံသည်၊ သားစံထင်ထင်၊ နက်သန်ရပ်ဝယ်၊ မဏ္ဍပ်ကြီးစွာ၊ သုမြွာသို့၊ ရတနာကိုးသွယ်၊ မွမ်းမံချယ်သား၊ ပန်းနွယ်ခြူးစီ၊ သဘင်ရိပ်ဝယ်၊ စက်အိပ်နည်းဘ်၊ ထေရ်မှုနီသို့၊ ဒုတိယသင်္ဂါယနာ၊ တင်သောခါသည်။ ရှစ်မာသတိုင်တိုင်တည့်လေး သူကောင်းဖေါ်ရွှေ မင်းချင်းတို့။ ။{စာဆိုတော် ဦးယာဇာဆို။}

### (က) တင်ရသော အကြောင်းရင်း

ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်၊ ဝိနည်းဘုရားတော်နှင့် မညီသော အဓမ္မဝတ္ထု-၁၀-ပါးတို့ကို ပြသဂျင့်ဆောင်ကြကုန်၏၊ ထို့ကြောင့် သာသနာတော်၏ ညှစ်နွမ်းရာ အကြောင်းရင်းကြီး ဖြစ်ပေါ်လာလေ၏၊ အဓမ္မဝတ္ထု-၁၀-ပါးကား

(၁) သားချိုဖြင့် ဆားကိုဆောင်၍ ဆား မရှိသော ဆွမ်းနှင့်စားလျှင် သန္နိဓိမဖြစ်၊

(၂) မွန်းလွဲပြီးနောက် အရိပ် လက်နှစ်သစ်ထွက်သည့်တိုင်အောင် စားသော်လည်း ဝိကာလ ဘောဇန-မဖြစ်၊

(၃) တရပ်တရွာသို့သွားလို၍ ပဝါရိပ် သင့်လျက်နှင့် အတိရိတ်မပြုတဲ စားကောင်း၏၊

(၄) တသိမ်ထည်းတွင် တကျောင်း တခြားစီ သံဃာ ကံဆောင်ကောင်း၏။

(၅) မလာသေးတဲ လာမှဆန္ဒယူအံ့-ဟု ရှေးဦးက သံဃာကံဆောင်သော် ဝဂ်မဖြစ်၊

(၆) ဆရာဉပဇ္ဈာယ်တို့၏ အလေ့အကျင့်ဖြစ်ပါက အပ်သည်ချည်း၊

(၇) နို့ရည်အဖြစ်ကိုလည်း မစွန့်သေး နို့ဓမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်လျက် အတိရိတ်မပြုတဲ စားကောင်း၏၊

(၈) သေရည်စစ်စစ်အဖြစ်သို့ မရောက်သေးသော သေနူကို သောက်ကောင်း၏၊

(၉) အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်း၏။

(၁၀) ရွှေငွေကို ခံကောင်း၏၊

ထိုအယုဝါဒများနှင့်ပတ်သက်သည်များကို အသျှင်မဟာယသမထေရ်မြတ်ကြီးကြားသိတော်မူသောကြောင့် အသျှင်ရေဝတ,သက်တော်-၁၂၀-ရှိ အသျှင်သဗ္ဗကာမီ-စသော ရဟန္တာကြီးများနှင့်တကွ သံဂါယနာတင်တော်မူကုန်၏။

(ခ) ဦးစီး ပုဂ္ဂိုလ်

ထိုသံဂါယနာတင်ပွဲ၏ အကြီးအမှူးကား အသျှင်မဟာယသ အရှင်မြတ်ကြီးပေတည်း၊ ထိုအသျှင်မြတ်ကြီးကား ဗုဒ္ဓဘုရားရှင်၏ ညီတော်ဖြစ်သောရှင်အာနန္ဒာ၏ အတူနေတပည့်ဖြစ်တော်မူ၏။

(ဂ) တင်သော သံဃာဦးရေ

ထိုသံဂါယနာ တင်ပွဲ၌လည်း ပုထုဇဉ်ဟူ၍မပါပေ၊ ရဟန္တာ အရှင်မြတ်ကြီးပေါင်း-၇၀၀-မျှပါဝင်တော်မူကြကုန်၏။

အရုံသံဃာကား တသန်း နှစ်သိန်းမျှရှိသတတ်။

(ဃ) တင်ရာ ဌာန

အဆိုပါအဓမ္မဝတ္ထု ၁၀-ပါးခေါ် ဝိနည်းတော်နှင့်မလျော်ညီသော အယူအဆ ၁၀-မျိုးတို့ကို ကြားသိတော်မူသော အသျှင်မဟာယသသည် အသျှင်ရေဝတ အသျှင်သဗ္ဗကာမီ.....စသောရဟန္တာအရှင်မြတ် ပေါင်း ၇၀၀-တို့ကို နှိုးဆော်တော်မူ၍ ဝေသာလီပြည်–ဝါလိကာရာမ ကျောင်းတော်သို့ ကြွတော်မူကြကုန်၏၊ ထိုအခါဝေသာလီပြည် မဟာဝုန်ကျောင်း၌ ရှိနှင့်ကြသော ဝဇ္ဇီတိုင်းသား ရဟန်းတို့က အကောက်ကြံကြပြီးလျှင် ကာလာသောကမင်းကြီးထံသို့ရှန်းချောတိုက်လျှောက်ကြလေကုန်၏၊ ရှန်းချောတိုက်ခိုက်ပုံကား ကျွန်ုပ်တို့သည် မဟာဝုန်ကျောင်း ဂန္ဓကုဋီတိုက်တော်ကို စောင့်ရှောက်နေထိုင်ကြပါကုန်၏၊ ၎င်းကို သျှင်မဟာယသ ဦးစီးသောရဟန်းများက လုယက်ယူငင်ရန်လာနေကြပါပြီ၊ တားဆီး၍ ပေးပါ–ဟု ဆိုကြကုန်၏၊ ကာလာသောကမင်းလည်း အမှတ်မဲ့ယုံစားမိသောကြောင့် သျှင်မဟာယသအမှူးရှိသော ရဟန်းတို့ကို မသာရအောင် ဆီးတားကြချေဟု စေခိုင်းတော်မူမိလေ၏၊ အမတ်များနှင့် နောက်ပါတို့ သွားကြသော်လည်း လမ်းလွဲ၍နေကြလေကုန်၏၊ (ထိုသို့လမ်းလွဲရခြင်းမှာလည်း နတ် တို့ ၏ တန် ခိုး တော်ကြောင့်ဖြစ်သည်–ဟု ဆို၏) ၎င်းညဉ့်မှာပင် ကာလာသောက မင်းကြီးသည် လောဟကုမ္ဘီငရဲအိုး၌ ကျရောက်သည်–ဟု အိပ်မက်မြင်မက်လေ၏၊ထိုမင်း၏နှမတော် သောနန္ဒာထေရီ ရဟန္တာ အသျှင်မလည်းကောင်းကင်ခရီးဖြင့်လာပြီးသျှင် ဓမ္မဝါဒီရဟန်းတော်တို့ကိုဖြစ်မှား၍ အဓမ္မဝါဒီရဟန်းများကို အသင်းအပင်းပြုလျှင် အ ဖြစ် ကြီး လေး လှကြောင်းကို ဟောကြားဆုံးမတော်မူ၏၊ ထိုအခါမှ ကာလာသောကမင်းလည်း ထိတ်လန့်ပြီးလျှင်– ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်သို့လာ၍ အသျှင်မဟာယသ စသော ရဟန္တာမြတ်တို့အား ကန်တော့ပူဇော်တော်မူပြီးလျှင် စောင့်ရှောက်အားပေးတော်မူလေ၏။

(င) အမှီပြုသော မင်း

ဆိုခဲ့သော ကာလာသောကမင်းပေတည်း

### (စ) တင်သောကာလ အကြာ

သာသနာ သက္ကရာဇ် အနှစ် ၁၀၀-ပြည့်၌တင်ရာ-၈ လတိုင်တိုင်ကြာမှပြီးစီး၏၊ (မည်သည့် လ နေ့မှ စတင်ကြောင်းကိုကား စာပေများ၌မတွေ့ရပေ အနှစ် ၁၀၀-ပြည့်၌ တင်ကြောင်းမျှကိုသာ သိရပေ၏)

### (ဆ) တင်ပုံ တင်နည်း

ဒုတိယ သံဂါယနာ၌လည်း ပထမသံဂါယနာမှာကဲ့သို့ပင် နှုတ်ဖြင့်သာလျှင် အတည်ပြုရန် ရပေါင်းရွတ်ဆိုတော်မူကြကုန်၏။


## (၂)စင်ပြိုင်ဒုတိယသံဂါယနာ

အဆိုပါ-အလျှင်မဟာယာသ ဦးစီးသော ဒုတိယ သံဂါယနာတင်ပွဲ၌-ကဲ့ပြီးကြကုန်သော ဝေသာလီပြည်-ဝဇ္ဇီတိုင်းသားရဟန်းတော်များသည် (မွှာနအားဖြင့်) ကောသမ္ဗီပြည် (အရေအတွက်အားဖြင့်) သံဃာတသောင်းခန့်နှင့် အပ်သစ်ခွဲ၍ တင်ကြကုန်၏။

၎င်းသို့စင်ပြိုင်ခွဲ၍ သံဂါယနာတင်တော်မူကြသောကြောင့် ဝေသာလီပြည်-ယျှင်မဟာယာသ ဦးစီးသော သံဂါယနာဆိုင်ရာကို "ထေရဝါဒဂိုဏ်း" ဟူ၍၎င်း၊ ကောသမ္ဗီပြည်- သံဂါယနာဆိုင်ရာကို သံဃာပေါင်း တသောင်းမျှနှင့်တင်သောကြောင့် "မဟာသံဂီတိဂိုဏ်း" ဟူ၍၎င်း၊ ခေါ်ဝေါ်ကြကြောင်းကိုတောင်ပိုင်းဟိန္ဒယာနသုံး ဒီပဝင်၊ မဟာဝင်၊ပါရာဇိကကဏ်စသော အဋ္ဌကထာကြီးတို့၌ပင် ဖေါ်ပြတော်မူကုန်၏။

၎င်းပြင် အဆိုပါ သံဂါယနာတင်ဂိုဏ်းကြီးနှစ်ဂိုဏ်းမှနောက်ထပ် ၁၈-ဂိုဏ်းအထိ ထပ်မံကွဲပြားသွားပုံများကို ဒီပဝင်၊မဟာဝင်၊ ကထာဝတ္ထု၊ ပါရာဇိကကဏ်——စသော တောင်ပိုင်းဟိန္ဒယာနသုံး အဋ္ဌကထာကြီးများ၌ ဖေါ်ပြကြသည့်အတိုင်း အခြားရာဇဝင်စာပေများနှင့် ညှိနှိုင်းကာ အထင်ဖေါ်ပြပါအံ့။ (သို့မှ-နောက် သံဂါယနာများအကြောင်းကို ဘတ်ရာ၌လည်းနားရှင်းပေရာ၏။

★


ဗုဒ္ဓ ဓမ္မ
မဟာသံဃိကဂိုဏ်း
( မဟာသံဂီတိဂိုဏ်း )
ထေရဝါဒဂိုဏ်း
ဂေါကုလိကဂိုဏ်း
မဟာ ဧကဗျောဝဟာရိကဂိုဏ်း
( ဧက ဗျောဟာရိကဂိုဏ်း )
ပဏ္ဏတ္တိ ဝါဒဂိုဏ်း
ဗာဟုလိကဂိုဏ်း
( ဗာဟုဿုတိကဂိုဏ်း )
စေတိယ ဝါဒီဂိုဏ်း
မဟိသာသကဂိုဏ်း
ဝဇ္ဇိပုတ္တကဂိုဏ်း
( ဝစ္ဆိပုတ္တိယဂိုဏ်း )
သဗ္ဗတ္ထိဝါဒဂိုဏ်း
ကဿပိယဂိုဏ်း
သင်္ကန္တိကဂိုဏ်း
သုတ္တဝါဒီဂိုဏ်း
( သုတ္တန္တိကဂိုဏ်း )
ဓမ္မဂုတ္တိကဂိုဏ်း
ဓမ္မုတ္တရိက ဂိုဏ်း
ဘဒ္ဒယာနိက ဂိုဏ်း
( သဏ္ဍာဂါရိကဂိုဏ်း )
ဆန္နာဂါရိက ဂိုဏ်း
သမ္မိတိယ ဂိုဏ်း

# (၃) တတိယ သံဂါယနာ

## တတိယ သံဂါယနာတင် အထ်ချပ်း

မင်းချင်းလေ။ စန္ဒြာတိုင်းချာ၊ ပြည်ဧသောဝယ်၊ ကာဠလာမင်းနောက်၊ ဆဲ့ကိုးယောက်တွင်၊ မင်းမြောက်စိမ့်ရန်၊ ပုဏ္ဏားဖန်သည်၊ စန္ဒဂုတ်မြေး၊ ဗိန္ဒုသွေးဟု၊ ဘုန်းကျေးဇူးဟုန် မြေမိုးတုန်မျှ၊ ကျေးကုန်ဆည်ဖြစ်၊ ဘဝစစ်က၊ ပျစ်နှစ်ရသာ၊ ကုသိုလ်ပါသည်၊ ဓမ္မာသောက၊ နရိန္ဒလျှင်၊ မဏ္ဍာတူမိ၊ ပါဠလိဝယ်၊ ဆယ်ဒီသာလုံး၊ အာနဒါကျုံးသား၊ ဝေါင်းရုံးများစွာ၊ ဇောပုမ္ပါတွင်၊ (ဗျည်း,တိ,ဥ၊ါတွင်)၊ မဟာမောဂ္ဂလိပုတ္တ၊ ထေရ်တိဿတို့၊ ဓမ္မမင်းအား၊ နိမန်ကြား၍၊ လက်သားအရဟန်၊ အထောင်မှန်နှင့်၊ ဗိမာန်ရဓာနာ၊ ကျယ်ဝန်းစွာသည်၊ သောကာရာမ၊ ရွှေကျောင်းလှထက်၊ တတိယသင်္ဂါယနာ၊ အဓိကာဖေါ်ပြ၊ တင်ကုန်ကြသည်၊ သုံးလယုတ်တနှစ်တည့်လေး။ သူကောင်းဖေါ်ရွှေ စမ်းချမ်းတို့။ ။(စာဆိုတော်-ဦးယာ-ဆို)

### (က) တင်ရသော အကြောင်းရင်း

ဤသို့လျှင် (၁)မဟာသံဂီတိနှင့် (၂)ထေရဝါဒဟူသော ဂိုဏ်းကြီး နှစ်ဂိုဏ်းတို့မှ ဂိုဏ်းခွဲပေါင်း ၁၈-ဂိုဏ်းအထိ ကွဲပြား သွားလေသည်။ ကမ္ဘာကျော် အသောကမင်းတြားကြီးကိုယ်တိုင် ဗုဒ္ဓသာသနာတော်အား သတ်ဝင်ကြည်ညိုသောကြောင့် လာဘ်လာဘများပြားသည့်ကို အကြောင်းပြုပြီးလျှင် ရဟန်းတု ရဟန်းယောင် အများအပြားပေါ် ပေါက်၍လာလေ၏၊ ပရိသတ် မစင်ကြယ်ကြောင်းကို သိတော်မူကြသော ရဟန်း ကောင်းတို့သည် ရောနှောလျက် ဥပုသ်မပြုကြသဖြင့် ခုနစ်နှစ်တိုင်တိုင် ကြာ၍သွားလေ၏၊ ထိုအကြောင်းကို အသောကမင်းတြားကြီး ကြားသိတော်မူသောကြောင့် အမတ်တဦးအား အမိကရုဏ်းကိုငြိမ်းချေ၊ ဥပုသ်ပြုစေဟု တိုတိုကျဉ်းကျဉ်းမျှ အမိန့်ပေးတော်မူလိုက်လေ၏၊ အမိန့်အတိုင်း ဆောင်ရွက်သည့် အမတ်ကား ဥပုသ်မပြုသော ရဟန်းများအား သတ်စေဟု မိန့်တော်မူသည် အထင်နှင့် ဥပုသ်မပြုသည့်ရဟန်းကောင်းတို့အားသတ်ဖြတ်လေ၏။ ထိုအခါ မင်းတြားကြီးသည်၊ ငါစေလိုက်ရင်းအာဘော်အတိုင်း မဟုတ်ဘဲ သတ်သဖြင့် ငါ့အားအပြစ်များ ရှိလေရော့မည်လားဟု ယုံမှားရှိသောကြောင့် ဂင်္ဂါမြစ်အထက်ပိုင်း၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿအား ပင့်၍လျှောက်လေ၏၊ အရှင်မြတ်လည်း အပြစ်မရှိကြောင်း မိန့်တော်မူပြီးလျှင် အသောကမင်းတြားကြီးအား ဘုရားရှင်၏အယူကို ၇-ရက်တိုင်တိုင်သင်ကြား၍ ပေးတော်မူလေ၏၊ ပြီးမှ ရဟန်းတု-ရဟန်းယောင် (တိတ္ထိ) ခြောက်သောင်းတို့အား နှင်ထုတ် စေ တော် မူ ပြီး လျှင် ရဟန်းတော် ခြောက်သိန်းတို့နှင့် တကွ ဥပုသ်ပြုတော်မူလေ၏၊

ဘုရားရှင်ပေါ်ကြားတော်မူခဲ့သည့် အဘိဓမ္မာခြောက်ကျမ်းအနက် ကထာဝတ္ထုကျမ်း

တိုလည်း သကာပက္ခ ၅၀၀-ပရပက္ခ ၅၁၀ (အရဟန္တာ တထောင်တို့ဖြင့် တန်းဆာဆင်ရက် ဖြည့်သွင်းဟောကြားတော်မူသေ၏။

(ခ) ဦးစီးပုဂ္ဂိုလ်

ဗုဒ္ဓဘုရားရှင်၏တပည့်ရင်း (၁) အရှင်ဥပါလိ (၂) ၎င်း၏တပည့် အရှင်ဒါသက (၃)၎င်း၏တပည့် အရှင်သောဏက (၄)၎င်း၏တပည့် အရှင်သိဂ္ဂဝ (၅)၎င်း၏တပည့်အရှင်စန္ဒဝဇ္ဇိ မထေရ်နှစ်တို့၏ တပည့်ရင်း အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ဖြစ်ကြောင်းကို အဋ္ဌကထာ၌ဆိုသည်။

(ဂ) တင်သော သံဃာဦးရေ

အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ အရှင်မဇ္ဈန္တိက-အရှင်မဟာဒေဝ စသောရဟန္တာ တထောင်မျှ ပါဝင်တော်မူကုန်၏။

(ဃ) တင်ရာဌာန

ပါဋလိပုတ်ပြည်-အသောကာရုံကျောင်းတော် (ယခုပတ္တနားမြို့ဟောင်း အတွင်း၌ ရာထင်ရှား ရှိသေးသည်။)

(င) အမှီပြုသောမင်း

ဗုဒ္ဓဘာသာ သာသနာပြုမင်းအပေါင်းတို့တွင် အထင်ရှားဆုံး အကျော်စောဆုံးဖြစ်သော အသောက (သီရိဓမ္မာသောက) မင်းကြီးပေတည်း။

(စ) တင်သော ကာလအကြာ

သာသနာ ၂၃၅-ကာ၌တင်ရာ ၉-လတိုင်တိုင် ကြာမှပြီးစီး၏၊ ဝမစ်၏ "ရှေးဟောင်း ဟိန္ဒူခေတ်-ဇာနိယရာဇဝင်" စာအုပ်၌ကား ဘီ-စီ ၂၄၀ (သာသနာ-၃၀၄) တွင် တင်သည်ဟုဆိုသဖြင့် အနှစ် ၇၀-မျှ ကွာနေသည်၊

(ဆ) တင်ပုံ တင်နည်း

နှုတ်ဖြင့်သာလျှင် ရွက်ဆို၍ ထင်တော်မူကြကုန်၏။

## ၃။ စင်ပြိုင်တတိယသံဂါယနာ

ဤဆိုခဲ့သော မူလဂိုဏ်းကြီး နှစ်ဂိုဏ်းတို့တွင် ထေရဝါဒဂိုဏ်းကွဲ ၁၁-ဂိုဏ်းတို့သည် စင်ပြိုင်ခွဲ၍ သံဂါယနာတင်ကြပြန်ကုန်၏၊

ထေရဝါဒ ဂိုဏ်းကွဲ ၁၁-ဂိုဏ်းတို့တွင် သဗ္ဗတ္ထိဝါဒီဂိုဏ်းသည် အားအကြီးဆုံးဂိုဏ်းဖြစ်ပေ၏။ ထို့ကြောင့် စင်ပြိုင်ခွဲ၍ သံဂါယနာတင်ရာ၌ သဗ္ဗတ္ထိဝါဒီဂိုဏ်းက ဦးစီး၍ တင်သေသည်၊ ထို့ကြောင့် မဟာသင်္ဃိကဂိုဏ်းဟူ၍ပင် အခေါ်နည်းပါး၍သွားပြီးလျှင် သဗ္ဗတ္ထိ အမည်ဖြင့်သာ လွှမ်းထင်ရှား၍ လာခဲ့ပေ၏၊

ထိုတတိယ စင်ပြိုင်သံဂါယနာ တင်ရာဌာနကား ရာဇဂြိုဟ်ပြည်၏အနီး (ဘုရားရှင်ကိုယ်တော်တိုင်) သီတင်းသုံးတော်မူခဲ့ဘူးသော နေရပ်ဖြစ်သည့် နာလန္ဒကျောင်းတော်ကြီးပင်ဖြစ်သည်-ဟုဆိုသည်။

## စတုတ္ထ သံဂါယနာ

### မတိုင်မီ အခြေအနေ

ဒီပဝင်၊ မဟာဝင်၊ ပါရာဇိကဏ် စသော

အဋ္ဌကထာတို့၌ တတိယ သံဂါယနာတင်ပြီး နောက် ဣန္ဒိယနိုင်ငံ၏ ဗုဒ္ဓသာသနာတော်အကြောင်းကို များစွာရေးသားဖွင့်ပြတော်မမူကြတော့ပေ၊ များစွာပင် ထိမ်မြုပ်လျက်ရှိနေလေတော့၏၊ ထို့ကြောင့် အတန်ငယ်ဖော်ပြပါအံ့။

အသောကမင်းကြီးအပါအဝင်မောရိယ မင်းဆက်တို့တွင် နောက်ဆုံးမင်း ဗရိဟာဒရထကို ဗြဟ္မဏဘာသာဝင် စစ်ဗိုလ်ကြီး ပုရှမိတြသုဂ်က လုပ်ကြံလိုက်ရုံမျှမက သုဂ်မင်းဆက်သည် နှစ်ပေါင်း ၁၁၂-နှစ် (သာသနာ ၄၇၁၊ ခရစ်ပေါ်ပြီး-၃၇) အထိကြာမြင့်အောင် ထွန်းရိုးအုပ်စိုးလေ၏။

ထို့ကြောင့် ဗုဒ္ဓဘာသာ ရဟန်း သံဃာတော်တို့သည် ထို ၁၁၂-နှစ်အတွင်း ဣန္ဒိယ အလယ်ပိုင်း ဂင်္ဂါ မြစ်ဝှမ်းမှ သင့်ရာသို့ ရွှေ့ပြောင်းတော်မူကြရကုန်၏။

(၁) ထေရဝါဒဂိုဏ်းကြီး၏ ဗဟိုရုံဌာနကို ဣန္ဒိယ အလယ်ပိုင်းတောင်ဖက် ဝေဒိသာပြည်အနီး စေတိယပဗ္ဗတ (ယခု ဆန်ချီ) သို့ရင်း၊

(၂) (သဗ္ဗတ္ထိဝါဒီဂိုဏ်း) ၏ ဗဟိုရုံဌာနကို ယမုနာမြစ်၏ အထက်ပိုင်း အာနောက်ဖက်ကမ်းရှိ မထုရာပြည် ဥရုမုဏ္ဍပဗ္ဗတ (ယခု ဂေါဝရ္ဓန်တောင်) သို့ရင်း-ရွှေ့ပြောင်းကြရကုန်၏။ (အခြားဂိုဏ်းငယ်များလည်း သင့်လျော်ရာဌာနများသို့ ရွှေ့ပြောင်းကြရကုန်၏။)

ထိုသုဂ်မင်းဆက်ထွန်းကားချိန်၌ပင် ပန်ဂျပ်နှင့် ကာဗုလ် တိုင်းပြည်များမှ ဂရိတ်အနွယ် မိနန္ဒာ (မိလိန္ဒ မင်းကြီး)သည် ဣန္ဒိယ မြောက်ပိုင်း အနောက်ဘက်သာဂလမြို့(ယခု ဆိယါလ်ကိုရ္)ကို တိုက်ခိုက်အုပ်စိုး လေသည်၊ (အရှင်နာဂသေန) မထေရ်မြတ်နှင့်လည်း အမေး-အဖြေ ပြုကြကုန်၏၊ ထိုမိလိန္ဒမင်းကြီး၏ လက်အောက်ခံ ဘုရင်ခံတို့သည် ဥဇ္ဇေနီ၌ရင်း၊ မထုရာ၌ရင်း ရှိကုန်၏၊ ထိုဘုရင်ခံတို့သည် ဆိုခဲ့သော ဗုဒ္ဓဘာသာဂိုဏ်းများကို ကိုးကွယ် ထောက်ပံ့ကြကုန်၏။

ထိုအခါသဗ္ဗတ္ထိဝါဒီဂိုဏ်းသည် ကာသမီရ - ဂန္ဓာရ - စသော- တိုင်းများသို့ ပြန့်နှံ့ခဲ့ပေ၏၊ ထေရဝါဒဂိုဏ်းလည်း အတန်အသင့် ပြန့်နှံ့ခဲ့လေ၏။

★

# ( ၄-က ) စတုတ္ထ-သံဂါယနာ

## စတုတ္ထ သံဂါယနာတင် အကျဉ်း

**မင်းချင်းလေး** ။ ကုသဝတီ၊ ပုဒ္ဒိပြည်ထူး၊ စံလွတ်ကျူးဝယ်၊ **အနုရာဓ**ကုန်၊ နတ်မြူးခုန်သား၊ ကဆုန်ပုဏ္ဏမာ၊ နေ့အင်္ဂါဟု၊ မေသာခါနက်၊ တည့်မွန်းရက်တွင်၊ စက်တော်မပြန်၊ ခါတ်ရှိမှာန်ကို၊ ချန်ခဲ့တုံ မြောက်၊ ဆန်ကြွနေဝက်ဝယ်၊ သာလေ့ဝက်လှုံပိုလိ၊ ကပ်မှီရိုသည်၊ သီဟိုဠ်ရာဇာ၊ **ရှစ်ဆယ်လာ**သား၊ သဒ္ဓါတိဿ၊ မင်းဘရားရှင်သွေး၊ မြတ်လေးသက်နှ၊ ချစ်အားသန်သည်၊ ဝဋ္ဋဂါမဏိဘုန်းတော်ဝက်၊ နန်းစံခြောက်တွင်၊ အရောက်ထိုခါ၊ သာသနာမှူး၊ ရာလေးခုပေါ်၊ ငါးဆယ်ကျော်ဟု၊ တော်မဟာဝင်၊ သံပိုင်းထင်ရှင်း၊ ရဇ္ဇင်သင်္ကာ၊ ပြည့်ဖုံ့လှသည့်၊ အမရ, ရန်အောင်၊ ပြည်ထောင်မင်းအား၊ ဩတ်တွားရှိသေ၊ ဆက်လာပေသည့်၊ သန္တေသကထာ၊ သီဟိုဠ်စာဘ်၊ လေးရာတွက်ဖွဲ့၊ သုံးဆယ် -နှင့်သုံး၊ ပါဠိစီကုံးရှင့်၊ လုံးနှစ်ပြာထွက်၊ ထိုနှင်ချက်ကို၊ နှစ်သက်ကြရာ၊ မှတ်လေဝါလေ့၊ နှစ်မှာ တွက်ဖွဲ့၊ ဆဲ့ခုနစ်သာ၊ မျှလောက်ကွာ၍၊ မဟာသမယ၊ ထိုကာလဝယ်၊ ဝဋ္ဋမင်းအား၊ အမှီထား၍၊ ငါးခုနစ်ရာ၊ ထောင်သံဃာတို့၊ သုံးခါတိုင်တိုင်၊ သံမှိုင်တွတ်တွတ်၊ ရှေ့ကရွတ်သား၊ မုခပါဠိမြတ်စွာ၊ ထေရ်ငါးရာတို့၊ မေါက္ကကာရှင်၊ စတုတ္ထ-သံဂါယနာ၊ တင်ပြန်လာသည့်၊ အာလောကာ လိုဏ်တွင်တည့်လေး။ ။ သူကောင်းပေါ်ရွှေ မင်း၂ချင်းတို့။

{ စာဆိုတော် - ဦးယာ-ဆို။ )

### (က) တင်ရသောအကြောင်းရင်း

ဆိုခဲ့သောစကားအတိုင်း (ဇမ္ဗူဒီပမြောက်ပိုင်း) နှင့် ( အနောက် မြောက်ပိုင်း ) တို့၌ သဗ္ဗတ္ထိဝါဒီ = စသော ( မြောက်ပိုင်း ) (တောင်ပိုင်း) ဂိုဏ်းကွဲများစွာ ပေါ်ပေါက်လျက်ဝိဝါဒဖြစ်နေသည်များကိုရင်း, မြောက်ပိုင်းသဗ္ဗတ္ထိဝါဒိဂိုဏ်း အချင်းချင်းကွဲပြားငြင်းခုံကြသည်ကိုရင်း ညီညွတ်စေရန် သံဂါယနာတင်ကုန်၏။ (သမိုင်းသဘော အားဖြင့်သာ-ခေတ်စဉ်အလိုက်-စတုတ္ထ သံဂါယနာဟု ခေါ်ခြင်းဖြစ်သည်။ ဝင်စစ် အားဖြင့် "မြောက်ပိုင်း-ဗုဒ္ဓဘာသာ-ဒုတိယ သံဂါယနာ" ဟုခေါ်လျှင် ပိုမို၍မှန်ကန်လေသည်။

### (ခ) ဦးစီးပုဂ္ဂိုလ်

အသျှင် ဝသုမိတ္တနှင့် အသျှင်အာသဃောသ တို့ဖြစ်ကုန်၏။ ထိုအရှင်တို့ ပြုရခဲ့သော ကျမ်းများသည်ယခုတိုင်ထင်ရှားရှိနေကုန်၏။

### (ဂ) သံဃာတော်ဦးရေ

သံဃာတော် အရေအတွက်ကား ၅၀၀ မျှရှိကုန်၏။

### (ဃ) တင်ရာဌာန

အောဝတိုင်-ဝက်ဗဲလ်၏ တိဗက်ဗုဒ္ဓဘာသာအကြောင်း စာအုပ်နံပါတ် ၉-၌ရင်း၊ ဝ ရုပ်ဗုဒ္ဓဘာသာ အကြောင်းမှန် စာအုပ်နံပါတ် ၂၄-၌ရင်း၊ ကသ္မီရတိုင်း — ဇာလန္ဓာမြို့ ဆိုကုန်၏။ ယ-ခ-ဦးဗိသုဒ္ဓ ရေးသားချက်

ကုဏ္ဍလ ဝနကျောင်းဟု ဆို၏၊ ဗင့်ဆင့်ဆမစ်၏ ရှေးဟောင်း ဗုဒ္ဓိယ ရာဇဝင်တစ်ချုပ် ၁၃၂-ခွဲကား၊ကာသမီရတိုင်း သိရိနဂ [ဆရိနဂ] မြို့ဟုဆို၏။

### (င) အမှီပြုသောမင်း

ဒုတိယအသောကဟူ၍ရင်း၊ မြောက်ပိုင်းအသောက ဟူ၍ရင်း၊ ထင်ရှားကျော်စောသော မင်းဖြစ်၏၊ အမည်ရင်းအားဖြင့် ကနိရှက (ကနိဋ္ဌက)ဟု ခေါ်ကုန်၏၊ ဘွဲ့တော်ကား ဒေဝပ္ပိယမည်၏။

### (စ) တင်သော ကာလအကြာ

စာပေများ၌ အချိန်ကာလကို ရေးသား ဖော်ပြချက်မတွေ့ရကုန်။

### (ဆ) တင်ပုံ တင်နည်း

ပိဋကတော်များကိုရင်း၊ အဖွင့်များကိုရင်း၊ သံသကရိုက် အက္ခရာဖြင့် ကြေးပြားများ၌ ရေးပြီးလျှင် ကျောက်သေတ္တာများ၌ထည့်ကာ စေတီတော်အတွင်း၌ ဌာပနာကြ ကုန်၏၊ (တရုပ်ပြည်၌ ယခုထွန်းကားနေသော ပိဋက တို့သည် ထိုပိဋကတော်များပင် ဖြစ်ကုန်၏၊

### အထူးမှတ်သားရှင်းလင်းချက်

ဤသံဂါယနာကား ဗုဒ္ဓရှင်တော်ဘုရား၏ အလိုတော်နှင့် များစွာ ဆန့်ကျင်သည့် ဖြစ်ရာက ဆန်ဆန် အဝလောကိတေသွာရခေါ်—ဘုရားလောင်းဝါဒ ရောနှောနေသည့် ဗုဒ္ဓဘာသာမျိုးသာလျှင် ဖြစ်လေသည်၊ ထိုဆို မသန့်မရှင်း ဗုဒ္ဓဘာသာဖြစ်ကြောင်းကို စာပေအဆိုမှုသာမက ရှေးဟောင်း အရာဝတ္ထု များကလည်း သက်သေခံလျက်ရှိလေသည်၊

### သုံးဘာသာဝင် ညီလာခံကြီး

ထို့နောက် သာသနာ ၆၀၀-နှင့် ၇၀၀-အကြား ထင်ရှားကျော်စောသော သီလာဒိတျမင်းသည် (၁)ဗုဒ္ဓဘာသာဝင်များနှင့် ဗြဟ္မဏ ဘာသာဝင်တို့ ထိုက်ဆိုင်ဆွေးနွေးကြရန် (၂) ကနိရှကမင်း၏ မြောက်ပိုင်း သံဂါယနာတင် ပိဋကတော်များကို လိုက်နာသူများနှင့် အသောကမင်းကြီး၏ တောင်ပိုင်း သံဂါယနာတင် ပိဋကတော်များကို လိုက်နာသူတို့ ဆွေးနွေးညှိနှိုင်းကြရန် ဟူသော ရည်ရွယ်ချက်ကြီး ၂-မျိုးတို့ဖြင့် မိမိလက်အောက်ခံ ၂၁-ပြည်တို့မှ သံဃာတော်များ—ဗြဟ္မဏများကို ပင့်ဆောင်စေလေ၏။

ပဌမနေ့၌ ဗုဒ္ဓရှင်တော်ဘုရား၏ ပုံကိုရင်း၊

ဒုတိယနေ့၌ ဗြဟ္မဏတို့၏ နေမင်းဘုရားပုံကိုရင်း။

တတိယနေ့၌ ဟိန္ဒူတို့၏ သိဝ-ဘုရားရုပ်ပုံကိုရင်း။

အခမ်းအနား ကြီးစွာပြုလုပ်၍ တင်မြှောက်ကုန်၏၊ သို့သော် ထိုအခမ်းအနားကြီးကို ဗုဒ္ဓဘာသာသည်သာလျှင် အမှန်ကန်ဆုံးဖြစ်ကြောင်းကို ဖော်ပြလိုသောကြောင့် ပြုလုပ်ခြင်း ဖြစ်လေသတည်း။

## (၄-ခ) စတုတ္ထ သံဂါယနာ

### (က) တင်ရသော အကြောင်းရင်း

သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏ တိဿပုန်ကန်သောဘေးကြီး ထကြွသည့်ပြင် မိုးကလည်း၊ ကောင်းစွာ မရွာသွန်းသောကြောင့် ငတ်မွတ် ခေါင်းပါး ကြကုန်၏၊ ထိုအခါ

ရဟန္တာကြီး ခြောက်ကျိပ်တို့သည်၊ ပထမ ဇမ္ဗူဒိပ်ကျွန်း (ဇမ္ဗူဒီပကျွန်း) သို့ကူးတော်မူကြရန် ကမ်းပါးသို့ ကြွတော်မူလာကုန်၏၊ ပေါင်မဆန်သဖြင့် ကျန်ရစ်ခဲ့သော ရဟန္တာကြီးခြောက်ကျိပ်တို့သည် သီဟိုဠ်ကျွန်း၌ပင် ပိဋကတော်ကို ဆောင်ရွက် စောင့်ရှောက်ကြကုန်အံ့ဟု ကတိကဝတ် ပြုတော်မူကြပြီးလျှင် သီဟိုဠ်ကျွန်း၏၊အစိတ်အပိုင်းဖြစ်သော မလယဇနပုဒ်သို့ ကြွရောက်တော်မူကြကုန်၏၊ သစ်ဥ - သစ်ဖု - သစ်ရွက်များကို သုံးဆောင်တော်မူကြလျက် အဋ္ဌကထာနှင့် တကွ ပိဋကတော်ကို သရဇ္ဈာယ်တော်မူကြရကုန်၏၊ အသွန့်ပင် ဆာလောင် မွတ်သိပ်လှသောကြောင့် မသရဇ္ဈာယ်နိုင်ကြသောအခါ၌ကား သဲကို ဝမ်းပိုက်အောက်က ထား၍ ခေါင်းချင်းဆိုင်ကြပြီးလျှင် ပိဋက စာပေကို စိတ်ဖြင့်သာလျှင် ဆင်ခြင်တော်မူနိုင်ကြကုန်၏၊ ဤနည်းအတိုင်း ၁၂ - နှစ်မျှကြာ တင်၍ သွားပေ၏၊

၁၂-နှစ်အကြာ သူပုန်ရန် ငြိမ်းသဖြင့် ဇမ္ဗူဒိပ် (ဇမ္ဗူဒီပကျွန်း) သို့ကြွရောက်တော်မူ၍ ပိဋကကို စောင့်ရှောက်တော် မူကြသည့် ရဟန္တာ ၇၀၀-တို့သည် ကလျာဏီ ဇနပုဒ် မဏ္ဍလာရာမကျောင်းသို့ ပြန်လည်ကြွရောက်တော်မူလာကြကုန်၏။

ရဟန္တာ ၆-ကျိပ်နှင့်- ရဟန္တာ ၇၀၀ တို့သည် အဋ္ဌကထာနှင့်တကွသော ပိဋကတော်ကို တိုက်ဆိုင် တည်းဖြတ်တော်မူကြကြောင်းကို အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ဆိုပြသ တော်မူကုန်၏၊

ရှေးအခါက ပိဋကတ်တော်များကိုနှုတ်ဖြင့် သာဆောင်လေ့ရှိတော်မူခဲ့ကြကုန်၏။နောင်အခါသတ္တဝါတို့ သတိ-ပညာ-သမာဓိ ယုတ်လျော့သဖြင့် ပိဋကတော်ကို နှုတ်ထက်မဆောင်ရွက်နိုင်ကြမည်ကို မြင်တော် မူကြသောကြောင့် စတုတ္ထသံဂါယနာတင်တော်မူကြကုန်၏။

## ( ခ ) ဦးစီးပုဂ္ဂိုလ်

ထိုတင်ပွဲ၌ အရှင်မဟာဓမ္မရက္ခိတ ဦးစီးတော်မူသည်။ သီဟိုဠ်သို့ကြွရောက်၍ သာသနာပြုတော်မူသော အယောက မင်းကြီး၏သားတော် (၁)အရှင်မဟိန္ဒ (၂)အရှင်အရိဋ္ဌ (၃)အရှင်တိဿဒတ္တ (၄)အရှင်ကာလသုမန (၅)အရှင်ဒီဃသုမန(၆)ဒုတိယ အရှင်ကာလသုမန (၇)အရှင်နာဂ (၈)အရှင်ဗုဒ္ဓရက္ခိတ (၉)အရှင်တိဿ (၁၀)အရှင်ဒေဝတ (၁၁) အရှင်သုမန (၁၂) အရှင်စူဠနာဂရောဟန (၁၃) အရှင်ဓမ္မပါလိတ (၁၄) အရှင်ခေမ (၁၅)အရှင်ဥပတိဿ(၁၆)အရှင်ဖုဿဒေဝ (၁၇) အရှင်သုမန (၁၈) အရှင်မဟာပဒုမ (၁၉) အရှင်မဟာသိဝ (၂၀) အရှင်ဥပါလိ (၂၁) အရှင်မဟာနာဂ (၂၂) အရှင်အဘယ (၂၃)အရှင်တိဿ (၂၄)အရှင်သုမန (၂၅) အရှင်စူဠာဘယ (၂၆)အရှင်တိဿ (၂၇) အရှင်စူဠဒေဝ(၂၈)အရှင်သိဝ (၂၉)အရှင်မဟာဓမ္မရက္ခိတ-ဟူ၍ ဆရာတပည့်အစဉ်အဆက်ကို အဋ္ဌကထာများ၌ပြတော်မူကြ၏၊

## (ဂ) သံဃာတော်ဦးရေ

သံဃာတော် ၅၀၀-ပါးတည်း၊

### (ဃ) တင်ရာဌာန

သီဟိုဠ်ကျွန်း မလယ ဇနပုဒ် အာလောကလိုဏ် (ယခု-အာလုဝိဟာရ)။

### (င) အမှီပြုသော မင်း

မည်သည့်မင်းကို အမှီပြု၍ တင်သည်ဟု စာပေများ၌မဆို၊ သီဟိုဠ်မင်း ၁၈-ဆက်မြောက် ဝဋ္ဋဂါမဏီမင်း (ရှင်းမင်းနန်းစံ ၆-နှစ်မြောက်) လက်ထက်၌ တင်သည်ဟု သာ သိရသည်။

### (စ) တင်သော ကာလအကြာ

အဋ္ဌကထာများ၌ မတွေ့ရပေ။

### (ဆ) တင်ပုံ တင်နည်း

ပေသက်အက္ခရာတင်တော်မူကြပြီးလျှင် အကြိမ် ၁၀၀-တိတိ သုဓိသင် တည်းဖြတ် တော်မူကြကုန်၏။

## အထူးမှတ်သား ရှင်းလင်းချက်

သီဟိုဠ်ကျွန်းတွင် သာသနာရေးနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များစွာတို့ကို သံဂါယနာတင်ခြင်းဟု သမုတ်ကာ (အကြိမ်ပေါင်းများစွာ သံဂါယနာတင်ခဲ့ကြောင်းကို) အချို့ ပုဂ္ဂိုလ်များက ပြောဆို ရေးသားကြကုန်၏၊ ဤသို့သော-ယူဆစတမ်း (မှတ်တမ်းတင်ကြစတမ်း) ဆိုခဲ့ပါလျှင် သီဟိုဠ်မှာသာ မဟုတ် ဇမ္ဗူဒီပ နိုင်ငံတွင်လည်း အကြိမ်ပေါင်း အလွန်ပင် များပြားစွာ သံဂါယနာ တင်ခဲ့ကြောင်းကို ဖော်ပြရမည်ကဲ့သို့ရှိလေသည်၊ စင်စစ်အားဖြင့် (ရှေး) ကမ္ဘာ့ဗုဒ္ဓဘာသာ ပညာရှင်လူများစုနှင့်(ယခု) ကမ္ဘာ့ဗုဒ္ဓဘာသာ ပညာရှင်လူများစုကြီး၏သတ်မှတ်၍ မှတ်တမ်း တင်ချက် (ကွဲပြားချက်) များလောက်ကိုသာ သံဂါယနာတင် သဘောသို့ သက်ရောက်သည်ဟု မှတ်သားသင့်ပေသည်။

# ( ၅ ) ပဥ္စမ–သံဂါယနာ

## ပဥ္စမ သံဂါယနာတင် အတ်ချင်း

မင်းချင်းလေ၊ ။ ကုန်းဘောင် ရွှေပြည်၊ ထောင်ဦး တည်သာ၊ ဇာနည်ဥက္ကဋ္ဌ၊ ဘေး
လောင်းနတ်မှ၊ မပြတ်စည်းရုံး၊ ပွားပြုံး ပွားပြုံး၊ မုဏ္ဍာကုသို၊ မင်းဆုံးနှင်နှင်၊ သိုက်ဝင်ဒသမ၊
ကွာပိန္ဓကာ၊ စကြာ့တန္ဆိန်း၊ သက္ကဘုန်းဖြင့်၊ ကုန်း၊အင်း၊ကိုင်း၊အ၊မ၊ ငါးဌာနတွင်၊ မအထွရာ၊
မဏ္ဍလာကို၊ ပထမာဒိက၊ လက်မှန်စ၍၊ ရာဇနဂရေ၊ မင်းနေပြည်ကြီး၊ ဖန်ဆင်းပြီးသော်၊ စော
ထီးမြတ်စွာ၊ နှ–လေးဖြာဖြင့်၊ မှာတော်မူခဲ့၊ ပုန်းရာမဲ့ကို၊ မြို့မြို့ ထင်မြင်၊ ရွှဆင်ခြင်၍၊ သာသ်ရာဝတ်၊
လွှတ်ပါစေသော၊ ကျွတ်စေသြဟု၊ မနောပဏိဓိ၊ ရည်သန်ရှိလျက်၊ ပကတိငွေရောင်၊ သလင်း
ထောင်မှ၊ ယူဆောင်ကျောက်ချပ်၊ တမော့အပ်၍၊ ပွတ်သပ်ပြီးခါ၊ သာသနမှ၊ ဃာ၊နာ၊ ဝ၊ ရ၊
ကောစပုံရေး၊ ခွေး၊ခွေး၊ ခွေးက၊ သရုဒသဘင်၊ ဦးရက်တွင်၌၊ ရေးတင်ဆစ်ထုံး လက်သားဂုဏ်၊
သုမင်္ဂလာ၊ ဇာဂရာနှင့်၊ နရိန္ဒာဘိဇေ၊ အတုလမိပ်၊ တံဆိပ်တင်မှတ်၊ ပိဋကတ်ကို၊ ပတ်ပတ်ရစ်လှိမ့်
စက်နှယ်အိမ့်သာ၊ နှစ်သိမ့်လောက်စွာ၊ ထေရ်သုံးဖြာတို့၊ သေချာဖြဋ္ဌတည်း၊ ပြင်ဆင်လှည်းသည်၊
ဝိနည်း-ဘိခမ္မာ၊ သုတ္တန္တာဟု၊ ရာဇာဆဲ့တစ်၊ နှစ်ရာ့ရှစ်နှင့်၊ ဇော၊အစ်၊သုည၊ ပေါင်းလကမ္ဘ၊
ခုနစ်ရာ့နှစ်ဆယ်၊ ကိုးသွယ်ချပ်မှန်၊ ဓမ္မခန်ရှစ်သောင်း၊ လေးထောင်ပေါင်းက၊ သျှင်ကောင်း သာသနာ၊
နှစ်ထောင်သာလျက်၊ လေးရာဆဲ့နှစ်၊ သက္ကရာဇ်မှ၊ တစ်-နှစ်-သုံး-နောက်၊ သုညဖေါက်၍၊ လ
ရောက်ကဆုန်၊ ပုဏ္ဏာမီတ်နေ့၊ ပြီးဝံစေ့ရှင့်၊ ရှမ်းမြေ့နှစ်သက်၊ အထက်လေးဖြာ၊ သင်္ဂယနာတွင်၊
သေဌာရုဍ္ဍ၊ ပဥ္စမ သင်္ဂါယနာ၊ တင်ပြန်လာသည်၊ ရတနာပုံ နန်းတွင်တည်လေ။ ။
ထူထောင်းဖေါ်ရွှေ မင်းမျိုးတို့၊ ။ { ဆီးပနီ ဆရာတော်-ဆို။ }

### (က) တင်ရသောအကြောင်းရင်း

အခြားအကြောင်းရင်းကား မရှိလှပေ။ ပေ ဗုဒ္ဓပိုက်ရှိမှတ္တိထက် တည်တံ့စွာ ခိုင်ခန့်ရေး မှုအကဲ့ကဲ့ ရှိသည်များကို ညီညွတ်ရေး စသည်တို့ကိုရည်ရွယ်၍ တင်ကြကုန်၏။

### (ခ) ဦးစီး ပုဂ္ဂိုလ်

(၁) တောင်ဆောင် ဝိဇယား ကြီး၏ ဆရာ-ဇာဂရာဘိဝံသ တိပိဋကဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု။

(၂) မြတောင်မြို့စား သေနတ်ဝန်ကြီး ဆရာ နရိန္ဒာဘိဓဇ သိရိသဒ္ဓမ္မ ဇောတိပါလ ဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊

(၃) ဝီးတော်မြင်းဝန်တိုက် ဆရာတော် သုမင်္ဂလသာမိ သီရိပဝရ၊ မဏိဓဇ မဟာ ဓမ္မရာဇာဓိ ရာဇဂုရု-ဟူ၍ ရဟန်းတော် ဘက်မှ ဥပါးမှူးရှိကုန်၏၊ ကျေးဘက်တင်ရာ တွင်၊

(၁) အတွင်းဝန် ခန်းပတ်မြို့စားမင်းကြီး မဟာသိရိ ဥဇနာ၊

(၂) အတွင်းဝန် ယောမြို့စား မင်းကြီး မဟာမင်းလှ စည်သူ၊

(၃) ခင်မမင်းဝန် မိုင်း နိုင်း မြို့ စား မဟာသိဒ္ဓိ ဇေယျသူ၊

(၄) သံတော်ဆင့်နေမျိုးရာဇစည်သူ၊

(၅) အမိန့်တော်ရေးမင်းထင်ဇေယျသူ

(၆) အသုံးစာရေး နေမျိုးသီရိကျော်သူ ဟူ၍ လူဘက်မှ ၆-ဦးမျှရှိကုန်၏၊ ဤရှင် လူ ၉-ဦးမျှ ကျောက်ထက်အက္ခရာအဖြစ် ကြီးကြပ်၍ တင်တော်မူကြကုန်၏။

ရှင်းပြင် သာသနာပြု သုဓမ္မာဆရာတော် ၈-ပါးနှင့်တကွ ထံဆိပ်ရ-မရ သံဃာတော် ၂၄၀၀- တို့သည် နှုတ်ဖြင့်ရွတ်ဆို၍ တင် တော်မူကြကုန်၏။

(ဂ) **သံဃာတော် ဦးရေ**

၂၄၀၀-မျှ ရှိကုန်၏။

(ဃ) **တင်ရာ ဌာန**

(၁) မြန်မာနိုင်ငံ-မန္တလေးနေပြည်တော် မဟာလောကမာရဇိန်စေတီ မင်းတုန်းမင်း တရားကြီး၏ ကုသိုလ်တော် စေတီတော်ဝင်း တိုင်းအတွင်း ဂူငယ်များ၌ ကျောက်ရေးဖြင့် တင်ကုန်၏၊ (၂) ရွှေနန်း ပြာသာဒ်တော်ဦး မြေနန်းတော်တွင် နှုတ်ဖြင့် ရွတ်ဆို၍ တင် တော်မူကြသည်၊

(င) **အမှီပြုသောမင်း**

ကုန်းဘောင် ဆယ်ဆက်မြောက် မင်း တုန်း မင်းတရားကြီး။

(စ) **တင်သောကာလ အကြာ**

(၁) ကျောက်ရေးကို ၁၂၂၂ ခု တန် ဆောင်မုန်းလဆန်း-၁-ရက်နေ့က စတင်လုပ် ဆောင်ရာ ၁၂၃၀ ခုကဆုန်လဆန်း-၁၄- ရက်နေ့၌ ပြီးဆုံး၏၊ (၂)နှုတ်ဖြင့်တင်သည်ကို ၁၂၃၃ ခု တန်ခူးလပြည့်ကျော်-၁၁-ရက် (နှစ်ဆန်း-၁-ရက်) စနေနေ့ကစ၍ တင်ရာ ၁၂၃၃ ခု၊တော်သလင်း လပြည့် ကျော် ၁၄-ရက်နေ့၊ (၅လနှင့်-၃-ရက်အကြာတွင်) ပြီး၏။

(ဆ) **တင်ပုံ တင်နည်း**

(၁) ကျောက်ပြားရေ ၇၂၉ ပေါ်၌ ပိဋကတ်-၃-ပုံကိုရေးတင်ကုန်၏ (၂) မြေ နန်းတော်၌ နှုတ်ဖြင့်လည်း ရွတ်ဆို၍ တင် တော်မူကြကုန်၏။

ကျောက်စေတီ-၇၂၉

ဂူပြာသာဒ်ပေါင်း-ပထမ ဟာရံအတွင်း- ၄၂၊ ဒု-၁၆၈၊ တ-၅၁၉၊

ဝိနည်း ပါဠိတော်ကျောက်ချပ်ရေ-၁၁၁

အဘိဓမ္မာ -၂၀၈

နိကာယ်သုတ္တန် ပါဠိတော် -၄၁၀

ယခုအခါ ဤဆိုခဲ့ပြီးသော သံဂါယနာ တို့တွင်၊ တောင်ပိုင်း ( ထေရဝါဒ ဂိုဏ်းဝင် တို့) က-

(၁) ရာဇဂြိုဟ် (အရှင်မဟာကဿပ)

(၂) ဝေသာလီ (အရှင်မဟာယသ)

(၃) ပါဋလိပုတ် (အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ)

(၄) သီဟိုဠ် (အရှင်မဟာရက္ခိတ)

(၅) မန္တလေး {ဇာဂရာဇဝိဝံသ-} ဦးစီးသည့် သံဂါယနာ တို့ကိုသာလျှင် အသိအမှတ် ပြုကုန်၏၊ မြောက်ပိုင်း ( မဟာယာန ဂိုဏ်းဝင်တို့ ) က၊

(၁) ရာဇဂြိုဟ်(အရှင်မဟာကဿပ)

(၂) ဝေသာလီ (အရှင်မဟာယသ)

(၃) ကသမီရ-(အရှင်ဝသုမိတြ နှင့် အရှင်အသဝဃောသ)တို့ ဦးစီးသည့် သံဂါယနာ တို့ကိုသာလျှင် အသိအမှတ် ပြုကြလေသည်။

# အထူးမှာထား ရှင်းလင်းချက်

## ဓလေဆရာကြီး ဦးပုည၏ "သာသနပ္ပဒေကိယ စာတမ်း" ခေါ် သာသနာ့လျှောက် စာတမ်း ကြီး၌ကား။

(၁) ပဌမ (၂) ဒုတိယ (၃) တတိယ (၄) စတုတ္ထသံဂါယနာတို့ကို သာ ယခု သေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ ပိုင်းခြားမှတ်သားသကဲ့သို့ ထပ်တူဖြစ်ဆိုလေသည်။

သီဟိုဠ်ကျွန်း စတုတ္ထ သံဂါယနာကစ၍ မန္တလေး မင်းတုန်းမင်းတြားကြီးလက်ထက် သံဂါယနာအထိ၊

(၅) မိလိန္ဒ မင်းကြီးနှင့် အရှင်နာဂသိန် တို့၏ မေး ဖြေတော်မူချက်များကို ပဥ္စမ သံဂါယနာ ဟူ၍ရင်း။

(၆) အရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်တော်များကို သီဟိုဠ်ဘာသာမှ - မာဂဓဘာသာသို့ ပြန်ကာ အဋ္ဌကထာ သစ်များကိုလည်း ရေးသားတော်မူ၍ သထုံသို့ ကြွချောက်-သာသနာပြုသောကြောင့် ဆဋ္ဌသံဂါယနာဟူ၍ရင်း၊

(၇) ရှင်ဂြည် အနော်ရထာမင်းလက်ထက်-အချည်းကြီးတို့(ဝါဒ)ကိုနှိမ်၍ ရှင်အရဟံ နှာယကပြုကာ ရဟန္တာတထောင်နှင့် သတ္တမ သံဂါယနာတင်သည်ဟူ၍ရင်း။

(၈) အင်းဝတွင် - သိုဟန်ဘွားဖျက်၍ သာသနာပျက်သောကြောင့် အရှင် တိသာသနဓဇ(ဒုတိယ အောတ္တမ)ဆရာတော်-တောင်ငူသို့ကြွ၍ သာသနာပြုသည်ကို အဋ္ဌမသံဂါယနာ ဟူ၍ရင်း။

(၉) အလောင်းမင်းတြားကြီး-ဦးအောင်ဇေယျလက်ထက် သာသနာပိုင် အတုလဆရာတော် သာသနာပြုသည်ကို နဝမ သံဂါယနာ ဟူ၍ရင်း၊

(၁၀) အတင်ရုံဂိုဏ်း၊ အရုံဂိုဏ်းကွဲပြားချက်ကြောင့်မင်း၏အကူအညီကို ယူကာ အရှင်နန္ဒမာလာ ဆရာတော် ဆုံးဖြတ်၍ သာသနာပြုမှုကို ဒသမ သံဂါယနာ ဟူ၍ရင်း၊

(၁၁) မင်းတုန်းမင်းတြားကြီး၏ သံဂါယနာကို ဧကာဒသမ (ဆဲ့တကြိမ်မြောက်) သံဂါယနာကဲ့သို့ရင်း၊

စီကုံးရေးသား၍ ထားသည်များကို တွေ့ရလေသည်။

ဤစလေးဆရာကြီး၏ သတိမှတ်ဖော်ပြချက်များ၌ (၁) အပြမမှန် (၂) အကြောင်းမမှန်ချက်များနှင့်တကွ (၃) အထွန့်ပင် ခမေါက်ကမ နိုင်လှသည်များကို တွေ့ရပေသည်။

အပြမမှန်ပုံတို့ကို အနည်းငယ် ပြပါအံ့ အရှင်မဟာဗုဒ္ဓဃောသသည် ဆရာကြီးဖော်ပြသကဲ့သို့ သိဟိုဠ်မှသထုံသို့ကြွကာ သာသနာပြုခြင်းမဟုတ်ပေ သိဟိုဠ်မှ ဓမ္မာဒိပ် (အုန္နယနိုင်ငံ) သို့သာ ကြွကြွတော်မူခြင်းဖြစ်ကြောင်း-စာပေများစွာတို့၏ အဆိုများအရ အထွန့်ခိုင်လုံလှပေသည်။

အကြောင်းမမှန်ချက်တို့ကို အတန်ငယ်ပြပါအံ့ အတုလဆရာတော် သာသနာပြုသည်များကိုပင် သံဃါယနာ တင်ခြင်း-ဟု အကြောင်းပြီးပါလျှင် အခြားမြန်မာဘုရင်များစွာတို့၏ လက်ထက်တော်တို့၌ သာသနာပြု (သာသနာပိုင်) ဆရာတော်တို့၏-သာသနာပြုတော်မူချက်များ ရှိသည်ကိုအဘယ့်ကြောင့် (သံဃါယနာ) အရေအတွက်များအတွင်းသို့ မသွင်းဘဲထားပါသနည်း။ သွင်းလိုရာကိုသာ သွင်းထားသည့်-သံဃါယနာတင်-ရေတွက်နည်း မဖြစ်ပေပြီလော ဤသို့သာသွင်းစတမ်းဆိုခဲ့လျှင်—မြန်မာနိုင်ငံ၌ပင် သံဃါယနာတင်ခဲ့သည့် အကြိမ်ပေါင်း ၁၀၀-မကရှိနေမည်မဟုတ်ပါလော (ဤစကားကို မြန်မာရာဇဝင် သာသနာဝင်လေ့လာသူတိုင်းအလွယ်နှင့် သဘောပေါက် ဝန်ခံနိုင်စရာ အကြောင်းရှိပေသဖြင့် အကျယ်မပြလိုပါ)။

ကမောက်ကမ နိုင်လှပုံကို အတန်ငယ်ပြပါဦးအံ့ အကယ်၍-ထေရဝါဒသံဃါယနာကို မင်းတုန်းမင်းကြီး၏ သံဃါယနာအထိ-ငါးကြိမ်မြောက်ရှိခဲ့ပြီ-ဟု သူတကါလက်ခံသကဲ့သို့ လက်မခံ လိုသောကြောင့် အထက်ပါအတိုင်း အပြမမှန်, အကြောင်းမမှန်သည့် သံဃါယနာရေတွက်နည်းတို့ကို ရေတွက်၍ ပြမည့်အစား-အပြအားဖြင့်ရင်း အကြောင်းအားဖြင့်ရင်း (ဆရာကြီး၏ ယခင်ရေတွက်နည်းများနှင့်စာလျှင် များစွာပိုမို) ကောင်းမွန်နိုင်မည့် (သာလွန်မင်းတြားကြီး လက်ထက်ပိဋကတော်များအား သုတ်သင် ရေးတင်မှု) စသည့်တို့ကို ဆရာကြီး၏သံဃါယနာအရေအတွက်၌ အဘယ့်ကြောင့် မထည့်သွင်းဘဲထားပါသနည်း။

**ကောင်းမှုတော်ကြီး ကျောက်စာ၌**

သိဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိ မင်းလက်ထက် ပေါ်ဏ္ဏကာရုဋ္ဌ ပြုသောအခါ ပိဋကတော်ကို အထပ်တရာတိုင်အောင် တည်းဖြတ်သကဲ့သို့ ကျမ်းဂန် သိမြင်သော ဆရာတော်မြတ်တို့ကို မှန်ကန်အောင် ဖြင်ဆင်မစေ၍ အကျွရာတတ်သော,ငြိမ့်သော,သတိရှိသော မိစာရေးတို့ကို ရွေးချယ်၍......ရှစ် နှစ် ပတ် လုံး ပိဋကထော် ကျမ်းအပေါင်းတို့ကို-ရေးစေ၏ဟု ပါသည်။

မှတ်ချက် ။ ဆရာကြီး၏ ရေတွက်နည်း၌ ကမောက်ကမ နိုင်လှပုံများကို သိစေလို၍သာ ဤကျောက်စာကို ထုတ်ပြလိုက်ခြင်း ဖြစ်သည်၊ စင်စစ်ကား မြန်မာနိုင်ငံ၌ ဤမျှ မကြာစေကာမူ ဤကဲ့သို့ အခြားမင်းများ လက်ထက်၌ပိဋကတ် ဖြင်ဆင်ရေးတင်မှုပေါင်း အကြိမ်များစွာရှိသည်ပင်တည်း၊ ထို့ကြောင့်ပင် မင်းတုန်းမင်းတြားကြီး၏ သံဂါယနာကို သာသနာရာဇဝင်နှင့် လူထုရှင်ထုက ပဥ္စမမြောက်သံဂါယနာဟု ယနေ့တိုင်သတ်မှတ်ရေတွက်ခြင်းဖြစ်ကြောင်း သတိပြုကြဘို့လည်း ဆိုပေသည်၊

ဤကား မြန်မာစာပေလောက၌ ကျွန်ုပ်တို့လည်း ကျေးဇူးခံဖြစ်သည့် ကျေးဇူးရှင် စလေဆရာကြီးအား တော်လှန်လို၍ (ဝါ)ဘုပလို၍ (ဝါ)လက်စွမ်းပြလို၍ (ဝါ) အသားယူလို၍ ဤကဲ့သို့ရေးသားလိုက်ခြင်း မဟုတ်ရပါ၊ ဆရာကြီး၏ရေးသားချက်ကို အဟုတ်အမှန်ကြီးထင်မှတ်ကာ ပဥ္စမ သံဂါယနာနှင့် ယခု ဆဋ္ဌသံဂါယနာကို ကောက်ကပ်သူများနှင့် ထိုသူတို့၏ နောက်ယောင်ခံများကိုပါ သဘောမှန် ပေါက်စေရန် ရည်ရွယ်၍သာ ရှင်းလင်းလိုက်ရခြင်း ဖြစ်ပေသည်ဟု ယုံကြည်တော်မူပါမည့်အကြောင်း မေတ္တာရပ်ပါ၏။

# (၆) ဆဋ္ဌသံဂါယနာ

## ဆဋ္ဌ-သံဂါယနာတင် အက်ချင်း

မင်းချင်းလေး ။ သီရိသြဘာ၊ ထေဒမနာတည်း၊ ကောဇာတွက်စစ်၊ သက္ကရာဇ်ကား၊ ဆကော်တြိကော်၊ ခေတ်ကောင်းဖြစ်ခဲ့၊ ရှင်ချစ်မြတ်စွာ၊ သာသနာမူ၊ ဇ ခါ-ဝ-ရ၊ ကဆုန်လ၏၊ ပုဏ္ဏတိထိ၊ နေ့စန္ဒီတွင်၊ နာရီဆဲ့နှစ်၊ မွန်းတည့်ဖြစ်၍၊ စွန်းလစ်မရှိရသည်၊ မိနစ်မှတ်သော၊ ကောင်းမြတ်ချိန်ခါ၊ မင်္ဂလာဝယ်၊ မြန်မာ-ကရင်၊ ရှမ်း-ကချင်နှင့်၊ ပေါ်ထင်တူပြိုင်၊ မွန်-ရခိုင်တည့်၊ တောင်ပိုင်ထင်ရှား။ ချင်း-ကယားတို့၊ ကိုယ်စား ဥက္ကဋ္ဌ၊ သမတဟု၊ ဓူဘနရာထူး၊ ဦးဘဦးနှင့်။ ကြီးမှူးပြုလုပ်၊ ဝန်ကြီးချုပ်ဟု၊ ထရုပ်တည်း၊ စန်းဇာနူသို့၊ ဦးနု-ဆွဲခြီး၊ ခေါင်းဆောင်ကြီးတို့၊ ဦးစီးနာယက၊ ပါဝင်ကြသား၊ ဗုဒ္ဓသာသနာ၊ ချွဲသညာဖြင့်။ ဩဘာလျှံဟိုး၊ အဖွဲ့ကြီးက၊ နိုင်ငြိုးလေးဝ၊ ပစ္စယဖြင့်၊ ဆဋ္ဌမဟာ၊ ဒါယကာဟု၊ သဒ္ဓါစင်ကြူ၊ တာဝန်ယူခဲ့၊ ဇမ္ဗူ-ရန်ကုန် မြို့ဂုန်တွင်၊ ဝသုန်မောဠိ၊ အံ့ဘွယ်ရှိသား၊ သီရိမင်္ဂလာ၊ ကုန်းတော်သာဝယ်၊ ကမ္ဘာအေးတွင်၊ စေတီရှင်၏၊ ဝန်းကျင်အနီး၊ လိုဏ်ဂူကြီး၌၊ ဘုန်းမီးနေလ၊ မြတ်ဗုဒ္ဓ၏၊ ထေရဝါဒ၊ ပိဋကစုံမှလျှင်၊ (ရဋ္ဌ-ဂုရု) ဆွဲသေတ္တုဖြင့်၊ ဂုဏ်ပြုဆောင်လွှမ်း၊ အခေါင်စွမ်းသည့်၊ ညောင်ရမ်းတဆူ၊ ဦးထိပ်မူလျက်၊ ဝိဘဇ္ဇာနည်၊ မဟာထေရ်တို့၊ ငါးပြည်တောင်စုံ၊ စုမ္မာရုံဖြင့်၊ အာဂုံဖြောင့်ဖြောင့်၊ ယှဉ်းမနှောင့်ဘဲ၊ နှစ်ထောင့်ငါးရာ၊ မြတ်သံဃာလျှင်၊ ရွှေမျာမိန့်ချက်၊ ဓမ္မစက်ကို၊ ငွေထက်ခရာ၊ ဇက်အလှာ၌၊ ကောင်းစွာပိုင်ပိုင်၊ (၂) နှစ်တိုင်အောင်၊ သံပွိုင်ညီမျှ၊ ဖောင် ရွတ်ကြသည်၊ ဆဋ္ဌသံဂါ ယနာတည့်လေး၊ သူကောင်းဖေါ်ရွေ မင်းချင်းတို့ ။ { စာဆိုသူ - ရွှေကျွန်းထိပ်တင် }

### (က) တင်ရသောအကြောင်းရင်း

(၁) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ်တို့ကို အထပ်ထပ် အဆင့်ဆင့် ရေးကူးရာ၌ သတိချွတ်ယွင်း ရေးမှားမိခြင်းဟု ဆိုအပ်သော ပမာဒ လေခ (ပါဠိပျက်)များကို အထူးသန့်ရှင်းစင်ကြယ်စေလိုသောကြောင့်ရင်း။ (၂) ထိုစင်ကြယ်သော ပိဋကတော်များကို စက်တင်ပုံနှိပ်၍ ကမ္ဘာ အရပ်ရပ်ထို ပျံ့နှံ့ စေခြင်းအားဖြင့် အဓွန့်ရှည်စွာ တည်စေလိုသောကြောင့်ရင်း။ (၃) လွတ်လပ်သော မြန်မာနိုင်ငံတော်နှင့်တကွ ဗုဒ္ဓဘာသာနိုင်ငံအားလုံးတို့က သာသနာတော်ကို ရပေါင်းအားပေး ချီးမြှောက်လိုသောကြောင့်ရင်း၊ ဆဋ္ဌသံဂါယနာတင်တော်မူကြသည်။

### (ခ) ဦးစီး ပုဂ္ဂိုလ်

မြန်မာနိုင်ငံတော် ဆဋ္ဌသံဂါယနာဩဝါဒါစရိယ သံဃနာယကအဖွဲ့ကြီးနှင့် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့ကြီးများ၏ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တော်ရ-ညောင်ရမ်းဆရာတော်ဘုရားကြီး၊

### (ဂ) သံဃာတော်ဦးရေ

ပထမ ဦးဆုံးဖွင့်ပွဲကြီး ၃-ရက်အတွင်း ပြည်တွင်းမှ သံဃာတော်ပေါင်း ၂၄၇၃-ပါး ပြည်ပမှ ၁၄၄-ပါး ပါဝင်တော်မူကြကုန်၏။

(ဇ) တင်ရာဌာန

မြန်မာနိုင်ငံတော်-ရန်ကုန်မြို့ အနီး-ရေကူးရပ်-သိရိမင်္ဂလာကုန်းမြေအတွင်း ရာဇဂြိုဟ်ပြည်တွင် ပထမသံဂါယနာတင်စဉ်က ခုနည်းပင်ပေါက်ရာ လိုဏ်ဂူကြီးကို ရည်ရွယ်ဆောက်လုပ်သည့် ဆဋ္ဌသံဂါယနာ မဟာပါသာဏဂုဟာ ခေါ်-လိုဏ်ဂူတော်ကြီး။

(င) အမှီပြုရသော ဒါယကာများ

ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးက ဗုဒ္ဓဘာသာသာသနာဝင်နိုင်ငံတော် အပေါင်းတို့၏ ကိုယ်စား ဆဋ္ဌသံဂါယနာ ဒါယကာတော် အဖြစ်ဖြင့်၎င်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုအမှူးပြုသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ အထောက်အပံ့ခံ-နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ သူဌေးကြီး ဦးသွင်က ဆဋ္ဌသံဂါယနာ သဗ္ဗဘာရဝဟ ဒါယကာအဖြစ်ဖြင့်၎င်း ခံယူကြသည်။

(စ) တင်သော ကာလအကြာ

သာသနာတော် ၂၄၉၈၊ မြန်မာဂေါစာ ၁၃၁၆ ခု အင်္ဂလိပ် ၁၉၅၄-ခု၊ ကဆုန်လပြည့်နေ့မှစ၍-ပထမသန္နိပါတ, ဒုတိယသန္နိပါတ, တတိယသန္နိပါတ, စတုတ္ထသန္နိပါတ, ပဉ္စမသန္နိပါတဟု သန္နိပါတ ၅ မျိုးခွဲခြားသတ်မှတ်ကာ သန္နိပါတ တချိန်လျှင် ၂-လမျှကြာအောင် သံဃာတော် ၅၀၀၀ စီတို့က သံဂါယနာတင်တော်မူကြသည်။

(ဆ) တင်ပုံ တင်နည်း

(၁)မြန်မာနိုင်ငံတော်(၂)သီဟိုဠ်နိုင်ငံတော် (၃) ယိုးဒယားနိုင်ငံတော် (၄) ကမ္ဘောဒီးယားနိုင်ငံတော် (၅) လောနိုင်ငံတော်တို့မှ ထေရဝါဒ ပိဋကစာမူအမျိုးမျိုးတို့ကို ညှိနှိုင်း၍ အဆင့်ဆင့်သုတ်သင် တည်းဖြတ်ပြီး ပိဋကတော်များကို-တဖန် ငါးနိုင်ငံ ရဟန်းတို့ အဆင့်ဆင့်တည်းဖြတ်တော်မူကြပြန်ပြီးလျှင် နှုတ်ဖြင့်ရွတ်ဆို၍သည်း တင်တော်မူကြသည်၊ စက္ကူစာအုပ်များအဖြစ်လည်း ရိုက်နှိပ်တင်ဆောင်ကြသည်။

ပြီး ပြီ

{ ရေးသူ မူပိုင် }

---

### အမှားပြင်ဆင်ချက်

| အမှား | | အမှန် | | မျက်နှာ | | ကြောင်းရေ |
|---|---|---|---|---|---|---|
| ဥတ္တရကုရု | .... | ဥတ္တရကုရု | .... | ၁၀ | .... | |
| စာဆောင် | .... | စာဆောင် | .... | ၁၃ | .... | ၂၅ |
| နန္ဒာသေရ် | .... | နန္ဒာထေရီ | .... | ၂၃ | .... | |
| သံဃါဦးရေ | .... | သံဃာဦးရေ | .... | ၂၄ | .... | ၁၂ |
| ရာထင်ရှား | .... | နေရာထင်ရှား | .... | ၂၄ | .... | ၁၉ |
| ပုရှမိတြဆုက် | .... | ပုဿမိတြဆုက် | .... | ၂၅ | .... | ၁၀ |
| ခေတ်ယ | .... | စေတိယ | .... | ၂၅ | .... | ၂၀ |
| ကာဖုလ် | .... | ကာဗုလ် | .... | ၂၅ | .... | ၇ |